လမ်းမှန်တရားဘက်သို့ ဖိတ်ခေါ်သူသည်

ထိုလမ်းမှန်တရားကို လိုက်နာကျင့်သုံးသူရရှိသည့်

အကျိုးကုသိုလ်အတိုင်း အကျိုးကုသိုလ် ရရှိမည်ဖြစ်သည်။ထိုသို့ရရှိခြင်းကြောင်း လိုက်နာကျင့်သုံးသူများ၏အကျိုးကုသိုလ်တွင် တစ်စုံတစ်ရာ လျော့နည်းသွားမည်

မဟုတ်ပေ။

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။
လမ်းမှန်တရားဘက်သို့ ဖိတ်ခေါ်သူသည် ထိုလမ်းမှန်တရားကို
လိုက်နာကျင့်သုံးသူရရှိသည့် အကျိုးကုသိုလ်အတိုင်း အကျိုးကုသိုလ်
ရရှိမည်ဖြစ်သည်။ ထိုသို့ရရှိခြင်းကြောင်း လိုက်နာကျင့်သုံးသူများ၏
အကျိုးကုသိုလ်တွင် တစ်စုံတစ်ရာ လျော့နည်းသွားမည် မဟုတ်ပေ။ ထို့အတူ လမ်းမှားသို့
ဖိတ်ခေါ်သူသည် ထိုလမ်းမှားကို လိုက်နာကျင့်သုံးသူရရှိသည့် အပြစ်အကုသိုလ်အတိုင်း
အပြစ်အကုသိုလ် ရရှိမည်ဖြစ်သည်။ ထိုသို့ရရှိခြင်းကြောင့်
လိုက်နာကျင့်သုံးသူများ၏ အပြစ်အကုသိုလ်တွင် တစ်စုံတစ်ရာ လျော့နည်းသွားမည်
မဟုတ်ပေ။
[صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူသည်မှာ- မှန်ကန်ကောင်းမြတ်သည့်လမ်းစဉ်ကို နှုတ်ဖြင့်လည်းကောင်း၊ လုပ်ရပ်ဖြင့်လည်း‌ကောင်းလူတို့အား လမ်းပြပေးသူ၊ ညွှန်ပြပေးသူ၊ တိုက်တွန်းသူသည်၎င်းအားနောက်လိုက်သူများရရှိသည့် အကျိုးကုသိုလ်အတိုင်းအကျိုးကုသိုလ်ရရှိမည်ဖြစ်သည်။ ထိုသို့ရရှိခြင်းကြောင့် နောက်လိုက်များ၏အကျိုးကုသိုလ်တွင် တစ်စုံတစ်ရာ လျော့နည်းသွားမည် မဟုတ်ပေ။ ထို့အတူ လမ်းမှားနှင့်မပြုပိုင်သောကိစ္စ သို့မဟုတ် အပြစ်ထိုက်သော မကောင်းမှုကို နှုတ်ဖြင့်လည်းကောင်း၊လုပ်ရပ်ဖြင့်လည်း‌ကောင်း လူတို့အား လမ်းပြသူ၊ ညွှန်ပြသူသည် ၎င်းအားနောက်လိုက်သူများရရှိသည့်အတိုင်း အပြစ်အကုသိုလ်ဝန်ထုပ်ကို ရရှိမည်ဖြစ်သည်။ထိုသို့ရရှိခြင်းကြောင့်နောက်လိုက်များ၏ အပြစ်အကုသိုလ်တွင် တစ်စုံတစ်ရာလျော့နည်းသွားမည်မဟုတ်ပေ။

http://sunnah.global/hadeeth/my/show/3373